အမျိုးသမီးတစ်ဦးသည် နှစ်ရက်တာကြာမြင့်မည့်ခရီးကိုသူမ၏ခင်ပွန်း သို့မဟုတ် မဟ်ရမ်(မိမိနှင့် နိကာဟ်ဟရာမ်ဖြစ်သူတစ်ဦး)အတူ မပါဘဲ ခရီးမထွက်ရ။

အဗူစအီးဒ် အလ်ခုဿ်ွရီ(ရဿွိယလ္လာဟုအန်ဟု) က ဆင့်ပြန်သည်။ သာဝကကြီးသည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) နှင့်အတူ ဂဇ်ဝဟ်စစ်ပွဲ ၁၂ပွဲတွင်
ပါဝင်ဆင်နွှဲခဲ့သည်။ သာဝကကြီးက အမိန့်ရှိသည်မှာ ကျွန်တော်သည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ထံတော်ပါးမှ လေးခုသောအရာကို
ကြားခဲ့ရပြီး ယင်းအရာများကို ကျွန်တော်နှစ်သက်မိခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်တော်မူသည်မှာ - "အမျိုးသမီးတစ်ဦးသည်
နှစ်ရက်တာကြာမြင့်မည့်ခရီးကို သူမ၏ခင်ပွန်း သို့မဟုတ် မဟ်ရမ်(မိမိနှင့် နိကာဟ်ဟရာမ်ဖြစ်သူတစ်ဦး)အတူ မပါဘဲ ခရီးမထွက်ရ။ အီဒ်ဒုလ်ဖိသ်ရ်နှင့်
အီဒုလ်အဿွ်ဟာနေ့တွင် ‘စောင်မ်’ဥပုသ်မစောင့်ရ။ ဖဂ်ျရ်ဆွလာသ်ဝတ်ပြုပြီး နောက်
နေထွက်သည်အထိ မည်သည့်ဆွလာသ်မှဝတ်မပြုရ။ အဆွ်ရ်ဆွလာသ်ဝတ်ပြုပြီးနောက်
နေဝင်သည်အထိ မည်သည့်ဆွလာသ်မှဝတ်မပြုရ။ ဗလီသုံးလုံးမှအပ
အခြားဗလီဝတ်ကျောင်းတော်များဘက်သို့ခရီးမထွက်ရ။ ၎င်းဗလီသုံးလုံးမှာ
မတ်စ်ဂျိဒုလ်ဟရာမ်၊ မတ်စ်ဂျိဒုလ်အက္ကဆွာ၊ ငါကိုယ်တော်မြတ်၏ဤဗလီဝတ်ကျောင်းတော်
စသည်တို့ဖြစ်သည်။
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် အောက်ပါ အချက်လေးချက်ကိုတားမြစ်တော်မူခဲ့သည်။ ၁။ အမျိုးသမီးများအား သူမ၏ ခင်ပွန်း သို့မဟုတ် မဟ်ရမ်ဆွေမျိုးများအနက်မှ မည်သည့်အခါမျှ နိကာဟ်ထိမ်းမြားပိုင်ခွင့်မရှိသော မဟ်ရမ်ဖြစ်သည့် သား၊ ဖခင်၊ မောင်နှမအရင်း၏သား၊ ဦးလေး၊ ဘကြီးစသည်တို့အနက်တစ်ဦးတစ်ယောက်မပါဘဲ နှစ်ရက်တာကြာမြင့်မည့်ခရီးသွားခြင်းမှတားမြစ်ထားသည်။ ၂။ အီဒ်ဒုလ်ဖိသ်ရ် နှင့် အီဒ်ဒုလ်အဿွ်ဟာ နေ့များတွင် ဆောင်မ်ဥပုသ်စောင့်ခြင်းကို တားမြစ်ထားသည်။ ဤနေ့ရက်များတွင် နဇ်ရ် ကိုးထားသည့်ဥပုသ်‌စောင့်ခြင်း၊ နဖ်လ် ဥပုသ်စောင့်ခြင်း၊ ကဖ်ဖာရဟ်အာပတ်ဖြေသောဥပုသ်စောင့်ခြင်းစသည့်ဥပုသ်အားလုံးကိုလည်း တားမြစ်ထားသည်။ ၃။ ဖဂ်ျရ်ဆွလာသ်ဝတ်ပြုပြီးနောက်နေထွက်သည်အထိ အဆွ်ရ်ဆွလာသ်ဝတ်ပြုပြီးနောက် နေဝင်သည်အထိ နဖ်လ်ဆွလာသ်ဝတ်ပြုခြင်းကိုတားမြစ်ထားသည်။ ၄။ ဤဗလီဝတ်ကျောင်းတော်သုံးခုမှလွဲ၍ အခြားနေရာတစ်နေရာသို့ခရီးထွက်ရာတွင် ယင်းနေရာသည် မွန်မြတ်ကြောင်း ယုံကြည်၍လည်းကောင်း၊ ယင်းနေရာတွင်ကောင်းမှုပြုခြင်းဖြင့် ကုသိုလ်ကောင်းမှုများတိုးပွါး၍ရနိုင်သည်ဟုယုံကြည်၍လည်း‌ကောင်းခရီးထွက်ခြင်းကို တားမြစ်ထားသည်။ ထို့ကြောင့်ဤဗလီဝတ်ကျောင်းတော်သုံးခုမှအပ အခြားဗလီဝတ်ကျောင်းတော်များဘက်သို့ ဆွလာသ်ဝတ်ပြုရန်ခရီးမထွက်ရ။ မတ်စ်ဂျိဒုလ် ဟရာမ် (မက္ကာမြို့)၊ မတ်စ်ဂျိဒ်နဗဝီ (မဒီနာမြို့) နှင့်မတ်စ်ဂျိဒ်အက္ကဆွာ (ဂျေရုဆလင်မြို့) စသည့် ဗလီးကြီးသုံးခု၌သာ အကျိုးကုသိုလ်ပို၍ပို၍တိုးပြီးရရှိမည်ဖြစ်သည်။